ဝက်တူးကျေးရွာ

တပ်ကုန်းကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

(၂၀၁၇–၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝက်တူးကျေးရွာ၊ ဝန်းသိုမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
ဝက်တူး ကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ဝန်းသိုမြို့နယ်	၇
ဝက်တူး ကျေးရွာ **ရာသီခွင်ပြ ပြက္ခဒိန်၊** ဝန်းသိုမြို့နယ်	၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက် ၉
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၁၀
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၁၁
(ခ) သဘာဝအရင်းအမြစ်များ ၁၁
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ
(က) လူဦးရေဆိုင်ရာ အချက်အလက်များ ၁၁
(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၁
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၁၂
(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၁၃
(င) ကျန်းမာရေးနှင့် အာဟာရ ၁၃
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု ၁၃
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၁၃
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၁၄
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၅
(ဃ) ရွှေ့ပြောင်းလုပ်သားများ ၁၅
(င) ကုန်စည်နှင့် ဝန်ဆောင်မှု စျေးကွက် ၁၅
(စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၁၆
(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု ၁၆
(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၆
(စျ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊
သတင်းနှင့် ဆက်သွယ်ရေး ၁၈
(ည) လူငယ်နှင့် ယဉ်ကျေးမှု ၁၈

(၌) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၁၈
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၁၉
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၉
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၀
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၁
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၂
(ဂ) ဦးစားပေး စီမံချက်များ ၂၂
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၄
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၄
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၅
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၂၅
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၂၅
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၂၆
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၂၆
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၆
(က) ကြီးကြပ်စစ်ဆေးခြင်း ၂၇
(ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၂၈
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၂၈

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၂၉
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၃၀
ရည်ညွှန်းချက်များ ၃၁
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၃ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၈၅
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိ ခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက် များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်းပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို


အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဝက်တူးကျေးရွာ
တပ်ကုန်းကျေးရွာအုပ်စု
ဝန်းသိုမြို့နယ်

ဝက်တူးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

ရည်ညွှန်း- ဝက်တူးကျေးရွာအရင်းအမြစ်ပြမြေပုံ - ဝက်တူးကျေးရွာ၊ တပ်ကုန်းကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ ရက်)




ကျေးရွာ
ရာသီခွင်ပြ ပြက္ခဒိန်
လ/ အလုပ်အကိုင်
တန်ခူး
ကဆုန်
နယုန်
ဝါဆို
ဝါခေါင်
တော်သလင်း
သီတင်းကျွတ်
တန်ဆောင်မုန်း
နတ်တော်
ပြာသို
တပို့တွဲ
တပေါင်း
အလုပ်အကိုင်
သီးနှံပိုးမွှားရောဂါ ကျရောက်မှု
သဘာဝဘေးအန္တရာယ်

အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာ များ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွား မည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ ဝက်တူးကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်၏ အရှေ့ဘက်တွင် တည်ရှိပါသည်။ ဝန်းသိုမြို့မှ(၈)မိုင်ကွာဝေးပြီး: ရွာအနီးတွင် လေးရွာနှင့် တပ်ကုန်း ရွာတို့တည်ရှိပါသည်။ ရွာပတ်လည်တွင် လယ်ကွင်းများ တောင်ကုန်းတောင်တန်းများ ဝန်းရံလျှက်ရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်များ ။ ။ကျွန်တော်တို့ဝက်တူးကျေးရွာ၏ အနောက်ဘုမိုင်ခန့်တွင် ယခင်က ရွှေထွက်ရှိပါသည်။ ယခုတွင်စီးပွားဖြစ်အောင်မရရှိတော့ပါ။ ကျွန်တော်တို့ရွာအနီး တောင်များတွင် ဆေးဘက်ဝင်အပင်များ အမြောက်အများ ပေါက်ရောက်နေပါသည်။ သဘာဝ တောတွင်းတိရိစ္ဆာန် မျိုးစိတ်များ များစွာတွေ့ရှိရပါသည်။ ကျွဲနွားတိရိစ္ဆာန် စားကျက်များလည်း ပေါများပါသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ ကျေးရွာတွင် ၁ နှစ်အောက် ကလေးငယ်များသည် ကျန်းမာရေးဌာနမှ အချိန်မှန် ကာကွယ်ဆေးထိုးပေးသဖြင့် ကျန်းမာရေးကောင်းမွန်ပါသည်။ ၁နှစ်မှ ၄ နှစ် ၅ နှစ်အောက်ကလေးငယ်များသည် မူကြိုကျောင်းမရှိသည့်အတွက် စာမသင်ရပါ။ ၅နှစ် မှ ၉ နှစ် မူလတန်းကျောင်းသားအရွယ်များသည် ကလေးတိုင်းမူလတန်းပညာသင်ကြပါသည်။ ၁၀ နှစ် မှ ၁၄ နှစ် အလယ်တန်းကျောင်းသားအရွယ်များသည် မူလွန်ကျောင်းရှိသည့်အတွက် အလယ်တန်းအဆင့်ထိနေနိုင်ကြပါသည်။ ၁၅ နှစ်မှ ၆၄ နှစ် အလုပ်လုပ်နိုင်သည့် အရွယ်များသည် တစ်ခြားဒေသိုထွက်ကြသည့်အတွက် အလုပ်လုပ်ကိုင်သူနည်းပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။ ။ ဝက်တူးရွာတွင် လယ်ယာလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါသည်။ မွေးမြူရေးလုပ်ငန်းလည်း တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ ပညာရေးဝန်ထမ်းများ ကျန်းမာရေးလုပ်သားများ အသင့်အတင့်ရှိသည်ကို တွေ့ရှိရပါသည်။ ဝက်တူးရွာတွင် လယ်ယာစိုက်ပျိုးရေးအတွက် လယ်ထွန် ထယ်ထိုး တစ်မနက် ၁၀ နာရီထိ လူတစ်ယောက်နွားတစ်ရှဉ်းအတွက် စပါး ၂ တင်းပေးရပါသည်။ ပျိုးနုတ်ခ ပျိုးစည်း ၁၀၀ လျှင် ၅၀၀၀ ကျပ် ကောက်စိုက်ခ တစ်ရက်လုံး ၈ နာရီစိုက်ချိန်အတွက် ၅၀၀၀ ကျပ် ပေးရပါသည်။

ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုများသည် လယ်ယာမြေ သီးနှံအထွက်တိုးမှန်ခြင်း ၊ လယ်ယာမြေများခြင်းကြောင့် စီးပွားရေးအဆင်ပြေကြပါသည်။ စီးပွားအသင့်အတင့်ရှိသော အိမ်ထောင်စုများသည် လယ်ယာမြေနည်းခြင်း သီးနှံအထွက်နှုန်းအမှန်ခြင်းကြောင့် စီးပွားရေး အသင့်အတင့်ရှိကြပါသည်။ စီးပွားရေး မပြေလည်သောအိမ်ထောင်စုများသည် လယ်ယာမြေမရှိခြင်း ကျပန်းအလုပ်ကိုသာလုပ်ကိုင်ရခြင်းကြောင့် မပြေလည်ကြခြင်းဖြစ်ပါသည်။

ကျေးရွာတွင် ၁၂ လအထက် ကျေးရွာပြင်ပသို့သွားရောက်အလုပ်လုပ်ကိုင် နေသူ ကျား ၁ ဦး မဂ္ဂ ဦးရှိပါသည်။ ကျေးရွာရှိ ရွှေ့ပြောင်းသွားလာနေထိုင်သူများသည် ကုမ္ပဏီလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်နေသူများဖြစ်ကြသည်။

ကျေးရွာရှိရွှေ့ပြောင်သွားလာနေထိုင်သူများသည် မိမိတို့ဘဝအတွက် ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများရှာဖွေရန် သွားရောက်နေထိုင်ကြပါသည်။ ကျေးရွာတွင် ရွှေ့ပြောင်းသွားလာသူတို့၏ မိသားစုများမှ ပြန်ပို့ငွေမှီခိုမှုတွင် အလယ်အလတ် ၃ ဦးသာရှိပါသည်။ ထို ၃ ဦးကို ဘဏ်မှသာ ငွေလွှဲကြပါသည်။

(ဂ) ဆင်းရဲနွမ်းပါမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုများသည် လယ်ယာမြေ သီးနှံအထွက်တိုးမှန်ခြင်း ၊ လယ်ယာမြေများခြင်းကြောင့် စီးပွားရေးအဆင်ပြေကြပါသည်။ စီးပွားအသင့်အတင့်ရှိသော အိမ်ထောင်စုများသည် လယ်ယာမြေနည်းခြင်း သီးနှံအထွက်နှုန်းအမှန်ခြင်းကြောင့် စီးပွားရေး အသင့် အတင့်ရှိကြပါသည်။ စီးပွားရေး မပြေလည်သောအိမ်ထောင်စုများသည် လယ်ယာမြေမရှိခြင်း ကျပန်းအလုပ်ကိုသာ လုပ်ကိုင်ရခြင်းကြောင့် မပြေလည်ကြခြင်းဖြစ်ပါသည်။

ကျေးရွာတွင် ၃ လနှင့် ၆ လကြားဝမ်းစာဖူလုံမှု ၆ အိမ်ထောင်စုရှိပြီး အဆိုပါ အိမ်ထောင်စုများသည် ဝမ်းစာအတွက် အထောက်အပံ့ယူခြင်း မိတ်ဆွေ ဆွေမျိုးများထံမှ ချေးယူခြင်း လုပ်အားခကြိုယူခြင်းတို့ဖြင့် ဖြေရှင်းဆောင်ရွက်နေကြရကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင် မိသားစု စောင့်ရှောက်မှုမရှိသော ၆၄ နှစ်နှင့် အထက် သက်ကြီးရွယ်အိုများ၊ မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်များ၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု များ ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖိုတစ်ခုလပ်အိမ်ထောင်စု များ အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်လုပ်ကိုင်နေရသည့် ဆင်းရဲသည့်အိမ်ထောင်စုများ တစ်ခုမှ မရှိပါ။

ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေတွင် သာဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)၊ ၄င်္ကျားရောဂါ စသည်တို့သည် ထိခိုက်လွယ်မှု အလယ်အလတ်အဆင့်ရှိပါသည်။ ရေကြီးခြင်း အအေးလွန်ကဲခြင်း ငလျင် တိဘီရောဂါ ကိုယ်ခံအား ကျဆင်းမှုရောဂါ ပြည်တွင်း ပဋိပက္ခ တိရိစ္ဆာန်ကူးစက်ရောဂါကျရောက်မှုတို့ကြောင့် ထိခိုက်လွယ်မှုနိမ့်သည်ကို လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင် ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများတွင် လက်လုပ်လက်စား ကျပန်းများ အနေဖြင့် ခံစားနိုင်ရမှု အလယ်အလတ်အဆင့် ရှိပြီး ဆေးစွဲနေသူများ ကူးစက်ရောဂါရှိနေသူများနှင့် ကာမောင်းပြီး အသက်မွေးဝမ်းကျောင်း ပြုနေသူများအတွက် ထိခိုက်ခံစား နိုင်ရမှုနိမ့်သည်ကို လေ့လာတွေ့ရှိရပါသည်။

(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာတွင်စာမတတ်သူဦးရေ ကျား ၃၃ ဦးမ ၁၃ ဦးရှိပါသည်။ မူလတန်းအဆင့်ရှိသူဦးရေကျား ၁၈၂ ဦး မ ၂၂၀ ဦး၊ အလယ်အတန်းအဆင့်ရှိသူဦးရေ ကျား ၄၉ ဦးနှင့် မ ၂၄ ဦး အထက်တန်းအဆင့်ရှိသူဦးရေ ကျား ၂၀ နှင့် မ ၂၁ ဦးနှင့် တက္ကသိုလ် ကောလိပ်အဆင့်ရှိသူ ဦးရေ ကျား ၉ ဦးနှင့် မ၃၃ ဦးအထိရှိပါသည် ။ ပညရေးအခြေအနေအသင့်အတင့် ကောင်းမွန်ပါသည်။ သို့သော်လည်း အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့်တွင် ပညာသင်ယူသူနည်းပါးနေသည်ကို တွေ့ရှိရပါသည်။

ကျေးရွာတွင် မူလတန်းတက်ရောက်နေသူ ကျား ၂၅ ဦး မ ၃၄ ဦး၊ အလယ်တန်းတက်ရောက်နေသူ ကျား ၈ ဦး မ ၁၀ ဦး၊ အထက်တန်းတက်ရောက်နေသူ ကျား ၅ ဦး မ ၆ ဦးနှင့် တက္ကသိုလ်တက်ရောက်နေသူ ကျား ၃ ဦးနှင့် မ ၁၆ ဦးရှိပါသည်။ အထက်တန်းနှင့် တက္ကသိုလ်အဆင့်တွင် ပညာသင်ကြားသူနည်းသဖြင့် လူဦးရေများ၍ ပညာရေးအဆင့်နိမ့်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

(c) ကျန်းမာရေး နှင့် အာဟာရ။ ။ ကျွန်တော်တို့ဝက်တူးရွာတွင် မိုးဦးရာသီအစ၌ ဝမ်းလျှောရောဂါနှင့် ၄က်ဖျားရောဂါအနည်းငယ် ခံစားရသည်။ ဧပြီလနှင့် မေလများတွင် သွေးလွန်တုတ်ကွေးရောဂါကို အနည်းငယ်ခံစားရပါသည်။ ဥတုကူးပြောင်းချိန်တွင် အသက်ရှူ လမ်းကြောင်းရောဂါများ လည်းဖြစ်ကြပါသည်။ ဥပမာ။ ဓါတ်မတည့်၊ ချောင်းဆိုး၊ နှာစေးနှင့် အခြားရောဂါများဖြစ်ပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ ကျေးရွာရှိ အမျိုးသမီးများသည် ကျေးရွာစီမံအုပ်ချုပ်မှု စနစ် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်မှု ရှိပါသည်။ လွန်ခဲ့သာနှစ်အနည်းငယ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးငယ်များ / အမျိုးသမီးမား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု တိုင်ကြားမှုများ မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဝက်တူးရွာတွင် လယ်ယာစိုက်ပျိုးရေးအတွက် လယ်ထွန် ထယ်ထိုး တစ်မနက် ၁၀ နာရီထိ လူတစ်ယောက်နွားတစ်ရှဉ်းအတွက် စပါး ၂ တင်းပေးရပါသည်။ ပျိုးနုတ်ခ ပျိုးစည်း ၁၀၀ လျှင် ၅၀၀၀ ကျပ် ကောက်စိုက်ခ တစ်ရက်လုံး ၈ နာရီစိုက်ချိန်အတွက် ၅၀၀၀ ကျပ် ပေးရပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ။ကျေးရွာတွင်လူမှုအအကျိုးပြု အဖွဲ့အစည်းများ အနေဖြင့် ဂေါပက အဖွဲ့များ ၊ အပျိုလူပျို အဖွဲ့များ ၊ ကျောင်းကော်မတီအဖွဲ့များ မိန်းမကြီးအသင်းအဖွဲ့များ ၊ ဓမ္မစကြံာအသင်း အဖွဲ့များ ၊ ဓမ္မစကူးလ်အဖွဲ့များ ၊ မိုးသောက်ရောင်ခြည်

ပရဟိတ အသင်းအဖွဲ့များ စသည်တို့ကို ဖွဲ့စည်းထားပါသည်။ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ ဝက်တူးရွာရှိ ယာမြေများကို လယ်ယာမြေဖြစ်အောင် ပြုလုပ်ပေးရန် လိုအပ်ပါသည်။ ဝက်တူးမြင်သာကွင်း (၁၂၄၆) ကွင်း အတွင်းယာမြေများကို သစ်တောကြိုးဝိုင်းမြေအဖြစ် သတ်မှတ်ထားသည်ကိုလည်း လယ်ယာမြေဖြစ်အောင် ပြုလုပ်ပေးရန် လိုအပ်ပါသည်။

ဝက်တူးကျေးရွာတွင် မြေယာမဲ့ ၂၇ အိမ်ထောင်စု၊ ၂.၅ ဧကအောက် ပိုင်ဆိုင်သူ ဆင်းရဲသားတောင်သူ ၁၁ ဦး၊ ၂.၅ ဧကမှ ၅ ဧကကြားပိုင်ဆိုင်သူ တောင်သူငယ် ၂၆ ဦး၊ ၅ ဧက မှ ၁၂.၅ ဧကကြားပိုင်ဆိုင်သူ တောင်သူလတ် ၅၃ ဦး၊ နှင့် ၁၂.၅ ဧကအထက်ပိုင်ဆိုင်သူ တောင်သူကြီး ၂၇ ဦးအထိ ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင် မိုးရေကိုသာအဓိကထားစိုက်ပျိုးကြရသဖြင့် အခြားဆည်ရေ ရေသွင်း စိုက်ပျိုးရာရေအရင်းအမြစ်မရှိသည် ကို လေ့လာတွေ့ရှိရပါသည်။ ဆည်မရှိသော်လည်း မိုးရေကန်တစ်ခုတော့ရှိသည် ။ ထိုမိုးရေကန်မှ လယ်ဧက ၅၀၀ ကို စိုက်ပျိုးနိုင်သည် ။ ကန်ဘောင်အရှည် ၂၅၀၀ ခန့်ရှိပါသည်။ ထိုကန်ဘောင်အောင် ထပ်မံမြှင့်တင်နိုင်ပါက လယ်ဧကများစွာကို ပိုမိုအကျိုးပြုနိုင်မည်ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင် ချောင်းမြောင်းနှင့် နီးသော လယ်ယာမြေများမှ တစ် ဧ က တင်း ၈၀ မှ ၉၀ အထိရရှိကြပါသည်။ မိုးကောင်းသောက်လယ်မြေများ မှာ တစ်ဧက တင်း ၅၀ မှ ၆၀ အထိသာရရှိကြသည်။ လယ်ဧကပိုင်ဆိုင်မှုနည်းသော်လည်း ဓါတ်မြေဩာ အသုံးပြုနိုင်သူများမှာ တစ်ဧက တင်း ၈၀ မှ ၁၀၀ ထိရရှိကြသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှုတွင် ထွန်စက်ပိုင်ဆိုင်သူ ၁ ဦးနှင့် ငှားရမ်းသုံးစွဲသူ ၁၄ ဦး၊ လက်တွန်းထွန်စက်ပိုင်ဆိုင်သူ ၃၂ ဦးနှင့် ငှားရမ်းလုပ်ကိုင်သူ ၁၁ ဦး ၊ ရိတ်သိမ်းခြွေလှေ့စက်ပိုင်ဆိုင်သူ ၁ ဦးနှင့် ငှားရမ်းသုံးစွဲသူ ၁၁၀ဦး ၊ ခြွေလှေ့စက်ပိုင်ဆိုင်သူ ၃ ဦးနှင့် ငှားရမ်းသုံးစွဲသူ ၁၀၉ ဦး ရေစုပ်စက် ပိုင်ဆိုင်သူ ၅၄ ဦးနှင့် ငှားရမ်းသုံးစွဲသူ ၉ ဦးနှင့် မြက်ရိတ်စက်ပိုင်ဆိုင်သူ ၆၃ဦးရှိပြီး ငှားရမ်းသုံးစွဲသူ ၄ ဦးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင် သဘာဝ ရာသီဥတုအနေအထား သင့်တင့်မျှတမှုရှိပါသည်။ ချေးငွေနှင့် ဝန်ဆောင်မှုများ မရရှိနိုင်ပါ။ သီနှံမျိုးစေ့များ အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။

သီးနှံထုတ်လုပ်မှုနှင့် အခက်အခဲပြဿနာများတွင် လယ်ယာမြေအသုံးချနိုင်မှုတွင် လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိနိုင်ပါသည်။ ချေးငွေနှင့် ဝန်ဆောင်မှုများမရှိပါ။ သဘာဝမြေဆွေး အော်ဂဲနစ်မြေဩာနှင့် အခြားအော်ဂဲနစ် သွင်းအားစုများလည်း ဝယ်ယူရရှိနိုင်ခြင်းမရှိပါ ကျေးရွာတွင် လုပ်သားများကိုလည်းအလွယ်တကူမရရှိနိုင်ပါ။ သီးနှံများကို အလွယ်တကူမရောင်းချနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဝက်တူးရွာရှိ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေတွင် နွားမွေးသော အိမ်ထောင်စု ၆၁ စုရှိပြီး စုစုပေါင်း ကောင်ရေ ၂၃၃ ကောင် ကျွဲမွေးသောအိမ်ထောင်စု ၃၁ စုရှိပြီး စုစုပေါင်းကောင်ရေ ၁၁၅ ကောင် ဝက်မွေးသောအိမ်ထောင်စု ၁၀၇ စုရှိပြီးစုစုပေါင်း ကောင်ရေ ၅၅၈ ကောင် ၊ ကြက်မွေးသော အိမ်ထောင်စု ၁၀၃ အိမ်ထောင်စုရှိပြီ စုစုပေါင်းကောင်ရေ ၁၇၀၅ကောင် နှင့် ဘဲမွေးသော အိမ်ထောင်စု ၃ စုရှိပြီး စုစုပေါင်း ကောင်ရေ ၂၃ ကောင် စသည့် ဖြင့် အသီးသီးမွေးမြူထားသည်ကိုလေ့လာတွေ့ရှိရပါသည်။ နွားများကို လယ်ယာလုပ်ငန်းတွင် အသုံးပြုရန်နှင့် ဝက်ကြက်ဘဲများကို လည်း တစ်ပိုင်တစ်နိုင်အဖြစ်မွေးမြူကြပါသည်။ အချို့မှာမူ ဝက်များကို စီးပွားဖြစ်မွေးမြူကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန် အခွင့်အလမ်းများမရှိပါ။

မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများမှာ စားကျက်မြေရှားပါးခြင်း မျိုးကောင်းတိရိစ္ဆာန်များဝယ်ယူမရနိုင်ခြင်း၊ ချေးငွေလွယ်ကူစွာမရနိုင်ခြင်း တို့ကြောင့်ဖြစ်ပါသည် ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။ ကျေးရွာတွင် စိုက်ပျိုးရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ တွင် လုပ်သားအင်အားသာ အနည်းငယ်ဆိုရုံမျှသာရရှိနိုင်ခြင်း ၊ လမ်းပမ်းဆက်သွယ်ရေးအသင့်အတင့်ရှိပြီး လျှပ်စစ်မီးကောင်းမွန်စွာရရှိကြောင်း လေ့လာသိ ရှိရပါသည်။

စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများမှာ ဈေးကွက်ဆိုင်ရာ အသိအမြင်မရှိခြင်း ၊ ကုန်ကြမ်းမရှိခြင်း ချေးငွေအလွယ်တကူမရနိုင်ခြင်း တို့ကြောင့်ဖြစ်ပါသည်။

ဝက်တူးရွာတွင် လယ်ယာစိုက်ပျိုးရေးအတွက် လယ်ထွန် ထယ်ထိုး တစ်မနက် ၁၀ နာရီထိ လူတစ်ယောက်နွားတစ်ရှဉ်းအတွက် စပါး ၂ တင်းပေးရပါသည်။ ပျိုးနုတ်ခ ပျိုးစည်း ၁၀၀ လျှင် ၅၀၀၀ ကျပ် ကောက်စိုက်ခ တစ်ရက်လုံး ၈ နာရီစိုက်ချိန်အတွက် ၅၀၀၀ ကျပ် ပေးရပါသည်။

(ဃ) ရွှေ့ပြောင်းလုပ်သားများ။ ။ ကျေးရွာတွင် ၁၂ လအထက် ကျေးရွာပြင်ပသို့ သွားရောက် အလုပ်လုပ်ကိုင် နေသူ ကျား ၁ ဦး မ၇ ဦးရှိပါသည်။ ကျေးရွာရှိ ရွှေ့ပြောင်းသွားလာ နေထိုင်သူများသည် ကုမ္ပဏီလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်နေသူများဖြစ်ကြသည်။

ကျေးရွာရှိရွှေ့ပြောင်းသွားလာနေထိုင်သူများသည် မိမိတို့ဘဝအတွက် ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများရှာဖွေရန် သွားရောက်နေထိုင်ကြပါသည်။

ကျေးရွာတွင် ရွှေ့ပြောင်းသွားလာသူတို့၏ မိသားစုများမှ ပြန်ပို့ငွေမှီခိုမှုတွင် အလယ်အလတ် ၃ ဦးသာရှိပါသည်။ ထို ၃ ဦးကို ဘဏ်မှသာ ငွေလွှဲကြပါသည်။

(c) ကုန်စည် နှင့် ဝန်ဆောင်မှု ဈေးကွက်။ ။ ကျေးရွာသည် အနီးဆုံးဈေးကွက်အဖြစ် ဝန်းသိုမြို့မဈေးသို့သွားရောက်ကြရပါသည်။ ဝန်းသိုမြို့မှဈေးသည် ကျေးရွာမှ ၅ မိုင်မှ ၁၀ မိုင်အတွင်း

ကွားဝေးပြီး ဆိုင်ကယ် ကား ထော်လာကျီ သုံးဘီးဆိုင်ကယ်များဖြင့် သွားရောက်ကြပါသည်။ ဈေးမှ စာသောက်ကုန်များ မီးဖိုချောင် သုံးနှင့် အိမ်သုံးပစ္စည်းများ အဝတ်အထည်များ ဆောက်လုပ်ရေး ပစ္စည်းများ ပရိဘောဂများ ရရှိနိုင်ပါသည် ။ ဈေးအခြေအခံအဆောက်အဦ အသင့်အတင့်ရှိပြီး ဝန်ဆောင်မှုအသင့်အတင့်ရှိပါသည်။ ကျေးရွာသည် အကြီး ဆုံးဈေးကွက်အဖြစ် ကောလင်းစည်ပင်သာယာဈေးသို့သွားရောက်ကြရပါသည်။ ကောလင်းစည်ပင်သာယာဈေးသည် ကျေးရွာမှ ၁၁မိုင်မှ ၂၀ မိုင်အတွင်း ကွားဝေးပြီး ဆိုင်ကယ် ကား ထော်လာကျီ သုံးဘီးဆိုင်ကယ်များဖြင့် သွားရောက်ကြပါသည်။ ဈေးမှ စာသောက်ကုန်များ မီးဖိုချောင် သုံးနှင့် အိမ်သုံးပစ္စည်းများ အဝတ်အထည်များ ဆောက်လုပ်ရေး ပစ္စည်းများ ပရိဘောဂများနှင့် ဝန်ဆောင်မှုအစုံ ရရှိနိုင်ပါသည် ။ ဈေးအခြေအခံအဆောက်အဦ အသင့်အတင့်ရှိပြီး ဝန်ဆောင်မှုအသင့်အတင့်ရှိပါသည်။

ကျေးရွာတွင် စက်ဘီး ၁၃၃ စီး မော်တော်ဆိုင်ကယ် ၁၇၆ စီး သုံးဘီးဆိုင်ကယ် ၃ စီး ထော်လာကျီ ၁ စီး ကား ၄ စီး နှင့် နွားလှည်း ၈၉ စီး အသီးသီး ရှိပါသည်။ အဆိုပါ သယ်ယူပို့ဆောင်ရေးယာဉ်များကြောင့် သွားလာရလွယ်ကူအဆင်ပြေစေပြီး အရောင်းအဝယ်လည်းကောင်း မွန်စေပါသည်။

(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။ ။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးဘဏ်မှ ချေးငွေများ၊ သမဝါယမအသင်းမှ ချေးငွေများရရှိပါသည်။ ချေးငွေအမျိုးအစားများမှာ ကာလတို ချေးငွေများဖြစ်ပြီး ၆ လမှ တစ်နှစ်အထိသာ ချေးယူခွင့်ရှိပြီး အတိုးနှုန်းမှာ ၁ ကျပ်တိုးမှ ၂ ကျပ်တိုးအထိဖြစ်ပါသည်။ မြန်မာ့လယ်ယာဘဏ်တွင် အပေါင်ခံပစ္စည်းလိုအပ်ပြီး သမဝါယမ အသင်းတွင် အပေါင်ခံပစ္စည်းမလိုအပ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ ကျေးရွာအနီးတွင် သဲအနည်းငယ်ရရှိနိုင်သော်လည်း လုံလောက်စွာမရရှိနိုင်ပါ။ သဘာဝ အပင်မျိုးစိတ် များ အဖြစ် နွားစာ ဆေးဘက်ဝင် အပင်အများ အသင့်အတင့်ရှိပါသည်။

ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေတွင် သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)၊ ငှက်ဖျားရောဂါ စသည်တို့သည် ထိခိုက်လွယ်မှု အလယ်အလတ်အဆင့်ရှိပါသည်။ ရေကြီးခြင်း အအေးလွန်ကဲခြင်း ငလျင် တိဘီရောဂါ ကိုယ်ခံအား ကျဆင်းမှုရောဂါ ပြည်တွင်း ပဋိပက္ခ တိရိစ္ဆာန်ကူးစက်ရောဂါကျရောက်မှုတို့ကြောင့် ထိခိုက်လွယ်မှုနိမ့်သည်ကို လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင် မြေဆီမြေဩဇာအခြေအနေ အခက်အခဲရှိပါသည်။ အန္တရာယ်ရှိမှုမှာ အလယ်အလတ်အဆင့်သာရှိပါသည်။ ဖျက်ပိုးနှင့် ရောဂါများလည်းကျရောက်တတ်ပါသည်။

(ဇ)ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ ကျေးရွာရှိစာသင်ကျောင်းသည် အခြေခံပညာမူလွန်ကျောင်းဖြစ်ပြီး ၇တန်းအထိပညာသင်ကြားနိုင်ပါသည်။ စာသင်ကျောင်း အကွာအဝေးမှာ ၁ မိုင်အတွင်းတည်ရှိပါသည် ကျောင်းသားများသည် ကျောင်းသို့

ခြေလျင်သွားကြပါသည်။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်း ဧရိယာမှာ အလျား ၁၂၀ ပေ ၃၀ ပေဖြစ်ပြီး ၂ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျောင်းသားများကို အာဟာရတိုက်ကျွေမှုရှိပါသည်။ ထပ်ကျောင်းဆောင်ဖြစ်ပါသည်။ ကျောင်းဆောင်၏ အမိုးအကာ နံရံ အခင်းများ၏ အရည်အသွေးမှာ အသင့်အတင့်ကောင်းပါသည်။ သို့သော်လည်းကျောင်းသုံးပရိဘောဂများ လုံလောက်မှုမရှိပါ။ ကျောင်းအိမ်သာအခြေအနေမှာ ကျောင်းဆရာ ဆရာမအနေဖြင့် အစိုးရခန့် ကျား ၂ ဦး မ ၄ ဦးနှင့် ကျေးရွာခန့်မ ၁ ဦးရှိပါသည်။

ကျေးရွာတွင် ကျောင်းသားအင်အား အချိုးမမျှတ၍ ဆရာအင်အားမလုံလောက်ပါ။ ကျေးရွာတွင် မူလွန်ဂုတန်းထိရှိသဖြင့် မူလတန်းကျောင်းထွက်နှုန်းနည်းပါသည်။ ကျောင်သုံးစာအုပ်နှင့် စာရေးကိရိယာများ လုံလောက်မှုမရှိပါ။ ပညာရေးနှင့်ပတ်သက်၍ အခက်အခဲ အချို့ရှိပါသည်။ မူလွန်ကျောင်းတွင် မူလတန်းပြ ဆရာ ဆရာမ ကျား ၂ မ ၃ ယောက် သာရှိပြီး ငှားရမ်းဆရာမ ၁ ယောက်သာရှိပါသည်။ ရွာနားနီးချင်းကောလင်းမြို့နယ်ကျေးရွာမှာ မူလွန်ကျောင်းတက် ကျောင်းသား သူ ၂၂ ယောက်ပါလာရောက် ပညာသင်ယူနေသဖြင့် ဆရာဆရာမများ လိုအပ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင်း ဝမ်းပျက်ဝမ်းလျောရောဂါများ သွေးလွန်တုပ်ကွေးရောဂါများ ရာသီအလိုက် ဖြစ်ပွားတက်ပြီး ငှက်ဖျားရောဂါနှင့် သွေးတိုးရောဂါဖြစ်ပွားမှုရှိသော်လည်း ဖြစ်ပွားမှုနိမ့်ပါသည်။

ကလေးသူငယ်များ ကိုယ်ဝန်ဆောင်မိခင်များအတွက် ကာကွာဆေးထိုးနှံ့ ပေးခြင်း လုပ်ငန်းများ ရှိပါသည်။

တပ်ကုန်းအုပ်စု လေးရွာကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ ကျန်းမာရေး ဆေးပေးခန်းတွင် ကျန်းမာရေးဆရာမ ၁ ယောက်ရှိပါသည်။ ယခင် က ငှက်ဖျား တိုက်ဖျက်ရေး ဆရာမရှိသော်လည်း ယခုအခါ ပြောင်းသွားပြီး ဆရာမ အသစ်ထပ်မံ ရောက်ရှိခြင်း မရှိသေးပါ။ မြို့နယ်ဆေးရုံကို တော့ ဝန်းသိုမြို့နယ်တွင် သွားရောက်ကုသရပါသည် ။ ဝန်းသိုမြို့နယ် ပြည်သူ့ဆေးရုံသည် ကျေးရွာမှ ၅ မိုင်မှ ၁၀ မိုင်အထက်တွင်တည်ရှိပါသည်။ ကျေးရွာ၏ အနီးတဝိုက်တွင် ဆေးဆိုင်မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

ဝက်တူးကျေးရွာတွင် ရေတွင်း ၁၁၃ တွင်းရှိပြီး အဝီစိတွင်း ၁ တွင်း ရှိပါသည်။ ဝက်တူးရွာတွင် မိုးရေသိုလှောင်ကန်လည်းရှိပါသည်။ ကန်အကျည် ၁၀၀ ဧက ရှိပါသည်။

ကျေးရွာတွင် ရေလောင်း ယင်လုံအိမ်သာ ၁၄၄ လုံးရှိပြီး ယင်လုံအိမ်သာများအသုံးပြုသည့်အတွက် ကျန်းမာရေး ဘေးဥပါဒ်မှ ကင်းဝေးစေပါသည်။

(ဈ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး)။ ။ ကျေးရွာသည် အနီးဆုံးဈေးကွက်အဖြစ် ဝန်းသိုမြို့မဈေး သို့သွားရောက်ကြရပါသည်။ ဝန်းသိုမြို့မှဈေးသည် ကျေးရွာမှ ၅ မိုင်မှ ၁၀ မိုင်အတွင်း ကွားဝေးပြီး ဆိုင်ကယ် ကား ထော်လာဂျီ သုံးဘီးဆိုင်ကယ်များဖြင့် သွားရောက်ကြပါသည်။ ဈေးမှ စာသောက်ကုန်များ မီးဖိုချောင် သုံးနှင့် အိမ်သုံးပစ္စည်းများ အဝတ်အထည်များ ဆောက်လုပ်ရေး ပစ္စည်းများ ပရိဘောဂများ ရရှိနိုင်ပါသည် ။ ဈေးအခြေအခံအဆောက်အဦ အသင့်အတင့်ရှိပြီး ဝန်ဆောင်မှုအသင့်အတင့်ရှိပါသည်။ ကျေးရွာသည် အကြီး ဆုံးဈေးကွက်အဖြစ် ကောလင်းစည်ပင်သာယာဈေးသို့သွားရောက်ကြရပါသည်။ ကောလင်းစည်ပင်သာယာဈေးသည် ကျေးရွာမှ ၁၁မိုင်မှ ၂၀ မိုင်အတွင်း ကွားဝေးပြီး ဆိုင်ကယ် ကား ထော်လာဂျီ သုံးဘီးဆိုင်ကယ်များဖြင့် သွားရောက်ကြပါသည်။ ဈေးမှ စာသောက်ကုန်များ မီးဖိုချောင် သုံးနှင့် အိမ်သုံးပစ္စည်းများ အဝတ်အထည်များ ဆောက်လုပ်ရေး ပစ္စည်းများ ပရိဘောဂများနှင့် ဝန်ဆောင်မှုအစုံ ရရှိနိုင်ပါသည် ။ ဈေးအခြေအခံအဆောက်အဦ အသင့်အတင့်ရှိပြီး ဝန်ဆောင်မှုအသင့်အတင့်ရှိပါသည်။

ကျေးရွာတွင် စက်ဘီး ၁၃၃ စီး မော်တော်ဆိုင်ကယ် ၁၇၆ စီး သုံးဘီးဆိုင်ကယ် ၃ စီး ထော်လာဂျီ ၁ စီး ကား ၄ စီး နှင့် နွားလှည်း ၈၉ စီး အသီးသီး ရှိပါသည်။ အဆိုပါ သယ်ယူပို့ဆောင်ရေးယာဉ်များကြောင့် သွားလာရလွယ်ကူအဆင်ပြေစေပြီး အရောင်းအဝယ်လည်းကောင်း မွန်စေပါသည်။

(ည) လူငယ် နှင့် ယဉ်ကျေးမှု။ ။ ကျေးရွာတွင် လူငယ်များ အပန်းဖြေနေရာများ ပျော်ပွဲရွှင်ပွဲများသီးသန့်မရှိပါ။ ကျေးရွာရှိ လူငယ်မောင်မယ်များသည် လူမှုရေးလုပ်ငန်းများ ဘာသာရေးလုပ်ငန်းများကောင်းမွန်စွာ ပါဝင်ဆောင်ရွက်ကြပါသည်။ သို့သော်ခေတ်တိုးတက် လာသည်နှင့်အညီ ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်း စောင့်ရှောက်မှု အခြေအနေတွင် အားနည်းလာပါသည်။ ထို့အပြင် လူငယ်များအနေဖြင့် စိတ်ဝင်စားစရာ များကို မိမိတို့ကိုယ်တိုင်ပါဝင်လေ့လာသင်ယူနိုင်ခြင်းနေရာများလည်း မရှိသေးကြောင်း လေ့လာတွေ့ ရှိရပါသည်။

(ဋ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။ ။ ကျေးရွာတွင် တယ်လီဖုန်းလိုင်း တယ်လီဖုန်းတာဝါတိုင်များ အင်တာနက်လိုင်း ရုပ်မြင်သံကြားလိုင်း ရေဒီယိုလိုင်း စသော ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်းဆိုင်ရာ ဝန်ဆောင်မှုအချို့ရှိပါသည်။ အာမခံလုပ်ငန်းများ လူထုအခြေပြုသဘာဝဘေးအန္တရာယ် လျော့ချရေး အစီအစဉ် မှုခင်းကာကွယ်တားဆီးလျော့ချရေးအတွက် ရဲဘက်ဆိုင်ရာများ ဝန်ဆောင်မှုပေးခြင်းကိုတော့ မရှိသေးကြောင်း လေ့လာတွေ့ရှိရပါသည်။

ဝက်တူးကျေးရွာတွင် လူကုန်ကူးမှုနှင့် အကြမ်းဖက်မှုမရှိပါ။ သို့သော် မူးယစ်ဆေးဝါးများ များပြားလာခြင်းကြောင့် လူငယ်များအတွက် စိုးရိမ်ရသလို မူးယစ် ၏ နောက်ဆက်တွဲအဖြစ်

ခိုးမှုများကိုပါ စိုးရိမ်ရပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတား များ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့် ရှိပါသည်။ လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် သဲကြမ်းများလည်းရရှိနိုင်ပါသည်။ စိုက်ပျိုးရေရရှိရန် မိုးရေသိုလှောင်ခံရှိပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာတွင် ငွေကြေးမပြည့်စုံခြင်း ဌာနဆိုင်ရာချိတ်ဆက်မှုအားနည်းခြင်းတို့သည် ကျေးရွာဖွံ့ဖြိုး တိုးတက်စေရန် အဟန့်အတားများ ဖြစ်နေပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသည် ကျေးရွာဖြစ်သည့် အားလျှော်စွာ နောင်ငါးနှစ်အတွင်း လုပ်ကိုင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ် ခဲ့ပါသည်။

က၊၁) စိုက်ပျိုးရေးကဏ္ဍတိုးတက်လာစေရန် ရေသိုလှောင်ခံပြုပြင်ခြင်းဖြင့် စိုက်ပျိုးရေးပိုမိုတိုး တက်လာစေရမည်။

က၊၂) သန့်ရှင်းသော သောက်သုံးရေရရှိခြင်း၊ လမ်းများကောင်းမွန်လာစေခြင်းဖြင့် ကျေးရွာသူကျေးရွာသားများ၏ ကျန်းမာရေး အခြေခံကုန်စည်ရောင်းဝယ်မှုများ ဖွံ့ဖြိုးတိုးတက် လာစေရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများ ကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာ

အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထု များ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) ကျေးရွာ၏စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် ဆည်မြောင်းဦးစီးဌာနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေ တစ်နှစ်ပတ်လုံး လုံလောက်စွာရရှိရန် ချိတ်ဆက်ဆောင်ရွက်ရမည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်းနည်းပညာများ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများ၊ မြေဆီလွှာနှင့်မြေဩဇာအသုံးပြုနည်းများစသော စိုက်ပျိုးရေးနည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ အာမခံချက်ရှိသော သီးနှံထုတ်ကုန်စျေးနှုန်းများရရှိရန် မြို့နယ်သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ်ဆောင်သွားရမည်။ မြို့နယ်တိရိစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေးကုသဆေးများလက်လှမ်းမီရန် လုပ်ဆောင်သွားရန်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက်ခြင်းများ ပြုလုပ်သွားရမည်။

(၂) ကျေးရွာ၏ ပညာရေးတက်မြောက်မှုတိုးတက်လာစေရန် မိဘဆရာပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ သင်ကြားရေးအထောက်အကူပြုများ ဖြည့်ဆည်းခြင်း၊ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း၊ ဆရာဆရာမများ ပြည့်စုံအောင် ဆောင်ရွက်ခြင်း၊ ပြုလုပ်သွားမည်။ တစ်ကိုယ်ရေကျန်းမာရေးစောင့်ရှောက်မှုအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများ ချိတ်ဆက်ခြင်း၊ တစ်နှစ်ပတ်လုံး ရေရရှိအောင် စိမ့်စမ်းရေသွယ်ယူခြင်း၊ ရေလှောင်ကန်များ တည်ဆောက်ခြင်းတို့ကို လုပ်ဆောင်ကြရပါမည်။ ထို့အပြင် လူငယ်များစာပေဗဟုသုတလက်လှမ်းမီရန် စာဖတ်အလေ့အကျင့်ဖြစ်လာစေရန် စာကြည့်တိုက် အသင်းများဖွဲ့စည်းခြင်း၊ စာအုပ်စာပေများ လက်လှမ်းမှီရန် ပြန်/ဆက်ဌာနများနှင့်ချိတ်ဆက် ခြင်း၊ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများဖန်တီး ပေးခြင်း၊ လူငယ်စွမ်းရည် မြှင့်တင်ရေး လုပ်ငန်းများမိတ်ဆက်ပေးခြင်း၊ စာဖတ်ရန်အလေ့အထ ထွန်းကားရန် အသိနှိုးဆော်ခြင်း၊ လူငယ်များအား အားကစားလှုပ်ရှားမှုများလက်လှမ်းမီရန် ဖန်တီးပေးရန် တို့ဖြစ်ပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် ကူးသန်းသွားလာရေးအတွက် ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ တံတားများတည်ဆောက်ခြင်း၊ အိမ်တိုင်း ဆိုလာမီးများတပ်ဆင်ခြင်း၊ ယင်းမှတဆင့် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းခြင်းများ ပြုလုပ်သွားခြင်းဖြင့် ကျေးရွာ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာစေရမည်။

(၇)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ်အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုး ရေလုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေး

ကြီးပါသည်။ စိုက်ပျိုးရေးလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြား သက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်း များကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်း တစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထား ချက် များထားရှိခြင်း များကို လုပ်ဆောင်သင့် ပါသည်။

(ခ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်း ပေးနိုင်ရန် ဘတ်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာ ဝန်ထမ်းများ ဖြည့် ဆည်းပေးရန် လိုပါမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေး ချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(ဃ) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ-ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား ကိုယ်စား ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရ မှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
၁။ အခြေခံ အဆောက်အဦ	၁။ ကျောက်ချောလမ်းခင်းခြင်း	၂၀	၂		
	၂။ ရေလုံလောက်မှုမရှိခြင်း	၂၅	၂		
၂။ ပညာရေး	၃။ ကျောင်းသား ကျောင်းသူများ ပညာသင်ယူရန် အခက်အခဲရှိခြင်း	၄၀	၁		
၃။ စိုက်ပျိုးရေး	၄။စိုက်ပျိုးရေလုံလောက်မှုမရှိခြင်း	၄၅	၁		

(ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	ကျောင်းသား/သူများပညာသင်ယူရန် အခက်အခဲရှိခြင်း	၁		✓			
၂	ရေလုံလောက်မှုမရှိခြင်း(စက်ရေတွင်း)	၂			✓		
၃	ကျောက်ချောလမ်းခင်းခြင်း	၂			✓		
၄	စိုက်ပျိုးရေ ရရှိရန် ဆောင်ရွက်ခြင်း	၁		✓			

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ဘတ်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘတ်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘတ်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘတ်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သား အင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံး စရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်း	စွမ်းဆောင် ရည်မြှင့်တင်ရေး	
၁	ကျောင်းသား/သူများပညာသင်ယူရန် အခက်အခဲရှိခြင်း			✓		
၂	ရေလုံလောက်မှုမရှိခြင်း(စက်ရေတွင်း)			✓		
၃	ကျောက်ချောလမ်းခင်းခြင်း					
၄	စိုက်ပျိုးရေ ရရှိရန် ဆောင်ရွက်ခြင်း			✓		

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက် ဆုံး အကောင်အထည် ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ် ညှိနှိုင်း ရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန် များ ခွဲဝေ အပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်း သည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူ ဆောင်ရွက် စေ၍ လယ်သမား အဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန် ယူ ဆောင်ရွက် စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ် နိုင်သော အကူအညီများ ရယူဆောင် ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ် ပညာရေး ဌာနနှင့် ချိတ်ဆက် ညှိနှိုင်း ဆောင်ရွက် ရပါမည်။ လယ်သမား အဖွဲ့ အစည်း ကလည်း လယ်ယာ ကုန်ထုတ် လုပ်ငန်း

အထောက် အကူပြုလမ်း အဆင့်မြှင့် တင်ရန် မြို့နယ်ဆောက်လုပ် ရေး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူ အညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံချက်လုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြ ထားသော သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီး ကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီး ကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထား ရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်း တို့ဆောင် ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်း ကမ်း များ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့ အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတား ပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘ ဆရာအသင်း စသည်ဖြင့် ဆောင် ရွက်ပါမည်။

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေ အနေ များအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲ ဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။

သို့မှသာ ရည်ရွယ် သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အကောင် အထည် ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ် စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စု များ တက်ကြွစွာ အတူပူးပေါင်း ဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်း များတည် ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

